New York State Education Department
Office of Bilingual Education and World Languages

နယူးယောက် ပြည်နယ်ရှိ အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ၏ မိဘများအတွက် လမ်းညွှန်

BURMESE

လေးစားအပ်ပါသော မိဘ/အုပ်ထိန်းသူ ခင်ဗျား/ရှင့် -

အင်္ဂလိပ်ဘာသာစကားမှ အပ အခြားဘာသာစကားများအား အိမ်သုံးစကားအဖြစ် အသုံးပြုနေသည့် ကျောင်းသား/သူများ ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန် နှင့် ရင်ဘောင်တန်း ထူးချွန်နိုင်ရန် အတွက် နယူးယောက် ပြည်နယ် ပညာရေး ဌာန ရှိ ဒွိဘာသာစကား ပညာရေး နှင့် ကမ္ဘာ့ဘာသာစကားများ ရုံးမှ ကြိုးပမ်းဆောင်ရွက်လျှက် ရှိသည်။ အကယ်၍ သင့်ကလေး၏ အိမ်သုံးဘာသာစကားမှ အင်္ဂလိပ်စကားအပြင် အခြားတခုဖြစ်နေပြီး၊ ၄င်းမှ အင်္ဂလိပ်စကားကို လေ့လာနေပါက၊ သို့မဟုတ် လေ့လာသည့် လမ်းကြောင်းပေါ် ရောက်ရှိနေပါက ၄င်းသည် ဒွိဘာသာအသုံးပြုသူ ဖြစ်လာနေပြီ ဖြစ်သည်။ ဂုဏ်ယူပါသည်! ဒွိဘာသာ ကလေးငယ်များတွင် ထူးကဲသည့် အရည်အသွေးများ နှင့် အားသားချက်များ ရှိနေပြီး၊ ၄င်းတို့အတွက် ရှေ့လျှောက် အခွင့်အရေး များစွာ ရှိနေပေသည်။ နယူးယောက် ပြည်နယ် ပညာရေး ဌာနသည် ဒွိဘာသာစကားကို ကြီးစွာတန်ဖိုးထား၍၊ သင့်ကလေးငယ်အား ၄င်း၏ ဘာသာစကား အရည်အသွေး အစွမ်းကုန် မြင့်တက်နိုင်ရန် အကောင်းဆုံးသော အနေအထားကို ကြိုးပမ်းဖေါ်ဆောင် ပေးနေပါသည်။

အင်္ဂလိပ်ဘာသာစကားအား ကျွမ်းကျင်နိုင်ရေး အထောက်အပံ့လိုအပ်နေသည့် အင်္ဂလိပ်စကားမှ အပ အခြားဘာသာစကားများအား အိမ်သုံးစကားအဖြစ် အသုံးပြုနေသော ကျောင်းသား/သူများ အတွက် ပညာရေး အစီအစဉ်များအကြောင်းကို လေ့လာရန် သင့်အားကျွန်ုပ်တို့မှ ဖိတ်ခေါ်အပ်သည်။ ထိုကျောင်းသား/သူများကို အင်္ဂလိပ် ဘာသာစကား လေ့လာနေသူများ (ELLများ) သို့မဟုတ် ဘာသာစကားစုံ လေ့လာနေသူများ (MLLများ) ဟုခေါ်သည်။ ထိုကျောင်းသား/သူများသည် အင်္ဂလိပ်စကား စွမ်းရည်များသာ ဖွံ့ဖြိုးလာသည်မကပဲ၊ ဒွိဘာသာပညာတတ်များဖြစ်ကာ၊ အချို့မှာ ဘာသာပေါင်းစုံ တတ်မြောက်သည့် ကလေးများ ဖြစ်လာသည်။

နယူးယောက်ပြည်နယ်သည် ဘာသာစကားပေါင်း ၂၀၀ကျော် စုဝေးရာ ဒေသဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှု နှင့် ဘာသာစကား မတူကွဲပြားဆုံးသော နေရာတို့၌လည်း တခုအပါအဝင် ဖြစ်ပေသည်။ ဘာသာစကား တခုထက်ပိုမို ပြောတတ် ဆိုတတ်ခြင်းသည်လည်း ကျွန်ုပ်တို့ ကျောင်းသား/သူများ၏ အရည်အသွေးကောင်းများ အနက် တခုဖြစ်ပေသည်။ သို့ပါ၍၊ ELLများ အတွက် ပညာရေးအစီအစဉ်များသည် အိမ်သုံး သို့မဟုတ် ပင်မဘာသာစကားကို အရင်းအမြစ်အဖြစ် အသုံးပြုကာ ကျောင်းသား/သူများအားလုံး ပညာရေး ထူးချွန်ထက်မြက်စေရန် ဦးတည် ရည်မျှော်အပ်ပေသည်။ ဤလမ်းညွှန်စာအုပ်တွင်၊ ကလေးများအား မည်သို့မည်ပုံ ELLများအဖြစ် သတ်မှတ်ပုံ၊ ELLများအတွက် ရရှိနိုင်သည့် အစီအစဉ်များ၊ မည်သည့်အချိန်တွင် ELL အစီအစဉ်များနှင့် ဝန်ဆောင်မှုများမှ ဖယ်ခွာနိုင်ပုံ၊ နှင့် ဒေသခံကျောင်းများတွင် ရရှိနိုင်သည့် သတင်းအချက်အလက်များ၊ သင်ထောက်ကူများ၊ အရင်းအမြစ်များ အစရှိသည်တို့ကို သင်ရှာဖွေတွေ့ရှိ လေ့လာနိုင်မည် ဖြစ်ပေသည်။

ကလေးများ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ နှင့် ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အကောင်းဆုံးသော အစီအစဉ်များကို ရွေးချယ်ရာတွင် မိဘများ နှင့် မိသားစုများသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟု ကျွန်ုပ်တို့မှ ယုံကြည်သည်။ သင်နှင့် အစဉ်မပျက် ပူးပေါင်းဆောင်ရွက်ရန် ကျွန်ုပ်တို့မှ စိတ်အားထက်သန်စွာ ရည်မျှော်လျက် ရှိသည်။

ကျွန်းမာ၊ ပျော်ရွှင်၍ အောင်မြင်သည့် ပညာသင်နှစ် ဖြစ်စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်!

တည်ကြည်စွာဖြင့်၊

A. Infante

Angelica Infante-Green

ဒွိဘာသာစကား ပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများဆိုင်ရာ တွဲဘက်ကော်မစ်ရှင်နာ
ဒွိဘာသာစကား ပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများရုံး
နယူးယောက် ပြည်နယ် ပညာရေးဌာန

မာတိကာ

အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ(ELLs)နှင့် ပတ်သက်သည့် ပေးရိုးပေးစဉ် ပေးခွန်းများ — စာ ၁

အဓိက အစီအစဉ်များ — စာ ၂

ဒွိဘာသာစကား ပညာရေး

- အသွင်ပြောင်း ဒွိဘာသာစကား ပညာရေး အစီအစဉ်များ — စာ ၂
- တလမ်း (သို့) နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်များ — စာ ၂

အင်္ဂလိပ်စာအား ဘာသာစကား အသစ်အဖြစ် သင်ယူရေး အစီအစဉ်များ — စာ ၃

အင်္ဂလိပ် ဘာသာစကား လေ့လာသူများ နှင့် ဘာသာစကားပေါင်းစုံ လေ့လာသူများ နှင့်ပတ်သက်သည့် ယုံတမ်းစကားများ — စာ ၅

သင်သိပါသလား? ဒွိဘာသာစကား နှင့် ဒွိဘာသာစကား ပညာရေး ဆိုင်ရာ သိမှတ်ဖွယ်ရာများ — စာ ၇

သင့်ကလေးဏ် ပညာရေးတွင် ပါဝင်ခြင်း — စာ ၉

ELLများ၏ မိဘများအတွက် အရင်းအမြစ်များ — စာ ၁၀

အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ (ELLs)/ဘာသာစကား ပေါင်းစုံ သင်ယူနေသူများ (MLLs) နှင့် ပတ်သက်သည့် မေးရိုးမေးစဉ် မေးခွန်းများ

ကျွန်ုပ်၏ ကလေးအား အင်္ဂလိပ်စကား သင်ယူသူ (ELL)/ဘာသာစကားပေါင်းစုံ သင်ယူသူ (MLL) အဖြစ် မည်သို့သတ်မှတ်ပါသနည်း?

နယူးယောက် ပြည်နယ်တွင် ကျောင်းတက်ရောက်ရန် စာရင်းအသစ် ပေးသွင်းထားသည့် ကျောင်းသား/သူ နှင့် နှစ်နှစ်နောက်ပိုင်း စာရင်း ပြန်လည် ပေးသွင်းသည့် ကျောင်းသား/သူများ အားလုံးသည် အိမ်သုံးဘာသာစကားဆိုင်ရာ သိလိုဖွယ်မေးခွန်းများ(HLQ)ကို ဖြေဆိုရန် လိုအပ်သည်*။ ထို HLQ ကို စာရင်းပေးသွင်းချိန်တွင် ဖြေဆိုရမည် ဖြစ်သည်။

အလွတ်တမ်း တွေ့ဆုံမေးမြန်းမှုများပါဝင်သည့် ဤမေးခွန်းများကို အသုံးပြု၍ အရည်အချင်းပြည့်မှီသည့် ဆရာ/မ သို့မဟုတ် တရားဝင် ဝန်ထမ်းတဦးဦးမှ အိမ်တွင် မည်သည့်ဘာသာစကား အသုံးပြုသည်ကို သိရှိမှတ်သားပေလိမ့်မည်။ အကယ်၍ အိမ်တွင် အင်္ဂလိပ်စာမှအပ အခြား ဘာသာစကားတခုခု အသုံးပြုကြောင်းကို မေးခွန်းများ နှင့် တွေ့ဆုံမေးမြန်းမှုတို့မှ တဆင့် သိရှိပါက၊ သင့်ကလေးသည် နယူးယောက် ပြည်နယ် အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ ရှာဖွေသတ်မှတ်ခြင်း စာမေးပွဲ(NYSITELL) ဟုခေါ်သော အင်္ဂလိပ်စကား ကျွမ်းကျင်မှုစစ် စာမေးပွဲကို ဖြေဆိုရန် လိုအပ်ပေသည်။

NYSITELL ရလဒ်များအား အသုံးပြု၍ သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကား အဆင့် (စတင်ဝင်ရောက်ခြင်း၊ တိုးတက်ခြင်း၊ ကူးပြောင်းခြင်း၊ တိုးပွားခြင်း၊ နှင့် ပိုင်နိုင်ခြင်း) ကို စိစစ်မည် ဖြစ်သည်။ အကယ်၍ သင့်ကလေးသည် စတင်ဝင်ရောက်ခြင်း (အခြေခံ အစပြု)၊ တိုးတက်ခြင်း (အခြေခံ အလယ်အလတ်)၊ ကူးပြောင်းခြင်း (အလယ်အလတ်)၊ သို့မဟုတ် တိုးပွားခြင်း (အဆင့်မြင့်) ရရှိပါက ၎င်းအား ELL အဖြစ် သတ်မှတ် လိမ့်မည်။ ELLများသည် ဒွိဘာသာစကား ပညာရေး (BE) သို့မဟုတ် အင်္ဂလိပ်စကားအား ဘာသာစကားအသစ်အဖြစ် သင်ယူခြင်း (ENL) ဝန်ဆောင်မှုများအား ရယူပိုင်ခွင့် ရှိပေသည်။ အကယ်၍ ကျောင်းသား/သူသည် ပိုင်နိုင်ခြင်း (ကျွမ်းကျင်) အဆင့်ရရှိပါက ၎င်းအား ELL အဖြစ် မသတ်မှတ်နိုင်ပေ။

NYSITELL ရလဒ်များသည် ဆရာ/မများအား ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်ရန် နှင့် ၎င်းတို့ ကျောင်းသား/သူများကို ဝန်ဆောင်မှုများ ပေးနိုင်ရန် ထောက်ကူသည်။ ဆရာ/မများမှ ဤအချက်အလက်များကို အသုံးပြုကာ ကျောင်းသား/သူ၏ အင်္ဂလိပ် ဘာသာစကား အရေး၊ အဖတ်၊ အပြော အားသာချက်၊ လိုအပ်ချက်များကို ဖေါ်ညွှန်းသည်။ ထိုရလဒ်များသည် ကျောင်းများမှ တပတ်လျှင် အင်္ဂလိပ် စကားအား ဘာသာစကားအသစ်(ENL)အဖြစ် သင်ကြားခြင်း မိနစ်လိုအပ်ချက်များအတွက်လည်း လမ်းညွှန်ပေးနိုင်ပေလိမ့်မည်။

ထိုစိစစ်သတ်မှတ်ခြင်း လုပ်ငန်းအား ပညာသင်နှစ် မစမီအချိန်တွင် ပြုလုပ်ရမည် သို့မဟုတ် ကျောင်းသား/သူ ကျောင်းအပ်နှံ စာရင်းပေးသွင်းပြီး ကနဦး ၁၀ရက်အတွင်း ဆောင်ရွက်ရမည် ဖြစ်သည်။

အဆင့်	အင်္ဂလိပ် ဘာသာစကား တတ်မြောက်ကျွမ်းကျင်မှု အဆင့် ဖေါ်ညွှန်းချက်များ
စတင်ဝင်ရောက်ခြင်း (အခြေခံ အစပြု)	ဤ စတင်ဝင်ရောက်ခြင်း အဆင့်တွင် ရှိနေသော ကျောင်းသား/သူသည် ဆိုင်ရာအတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုရန် အများအပြား လိုအပ်လျှက်ရှိသည်။
တိုးတက်ခြင်း (အခြေခံ အလယ်အလတ်)	ဤ တိုးတက်ခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုရန် အနည်းငယ် လိုအပ်လျှက်ရှိသည်။
ကူးပြောင်းခြင်း (အလယ်အလတ်)	ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုမှုမှ အနည်းငယ် လွတ်လပ်လျှက်ရှိသည်။
တိုးပွားခြင်း (အဆင့်မြင့်)	ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုမှုမှ အများအပြား လွတ်လပ်လျှက်ရှိသည်။
ပိုင်နိုင်ခြင်း (ကျွမ်းကျင်အဆင့်)	ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင် ပိုင်ဆိုင်ပြီး ဖြစ်သည်။ သူ သို့မဟုတ် သူမသည် ELL တဦး မဟုတ်ပေ။

အဓိက အစီအစဉ်များ

အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများအတွက် မည်သည့် အစီအစဉ်များ ရရှိနိုင်ပါသနည်း?

ပြည်နယ်တွင်းရှိ ကျောင်းခရိုင်များအတွက် အောက်ပါ အစီအစဉ် နှစ်ခုကို နယူးယောက် ပြည်နယ်မှ အတည်ပြု သတ်မှတ်ချထားပေးသည် -

1. ဒွိဘာသာစကား ပညာရေး
   - အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး (TBE) အစီအစဉ်
   - တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ် (OWDL/TWDL)
2. အင်္ဂလိပ်စကားကို ဘာသာစကားအသစ်အဖြစ် သင်ယူခြင်း (ENL) အစီအစဉ် (ယခင် အင်္ဂလိပ်စကားအား ဒုတိယစကား သို့မဟုတ် ESL)

အစီအစဉ် ပုံစံနှစ်ခုလုံးသည် ELLများ၏ ပညာရေး အောင်မြင်မှုကို အထောက်အကူပေးသည်၊ သို့သော် အိမ်သုံး သို့မဟုတ် မူလ ဘာသာစကားနှင့် သင်ကြားမှု အချိန် နှင့် အင်္ဂလိပ်ဘာသာနှင့် သင်ကြားမှု အချိန်များ ပုံစံတခုစီတွင် ကွာခြားသည်။ မိသားစုများမှ ၄င်းတို့ကလေးများအား အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး၊ တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ၊ သို့မဟုတ် အင်္ဂလိပ်စကားကို ဘာသာစကား အသစ်အဖြစ် သင်ယူခြင်း အစီအစဉ်တို့တွင် အပ်နှံထားရှိရန် ရွေးချယ်နိုင်သည်။ အကယ်၍ ထိုအစီအစဉ်များ သင့်ဒေသခံကျောင်း၌ မရရှိပါက၊ ရရှိနိုင်သည့် ကျောင်းသို့ ပြောင်းရွှေ့ပေးရန် တောင်းခံနိုင်ပေသည်။ အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး။ တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်များရှိ ELLများသည် သတ်မှတ်ထားသည့် ENL သင်ကြားမှု ယူနစ်များကို ENL ပုံစံမှ ကျောင်းသားများ နည်းတူ ပမာဏ အညီအမျှ ရရှိရန် အတည်ပြု ချမှတ်ထားသည်။ အနိမ့်ဆုံးအဖြစ်၊ ELLများအားလုံး ENL သင်ကြားမှု ရရှိရေးအတွက် အတည်ပြု သတ်မှတ် ထားရှိသည်။ ပိုမိုသိလိုပါက http://www.p12.nysed.gov/biling/docs/Nowithdrawaloptionmemo.pdf သို့ သွားရောက် ကြည့်ရှုပါ။

ဒွိဘာသာစကား ပညာရေး

အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး

အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး အစီအစဉ်များသည် အိမ်သုံး/မူလဘာသာစကားတူ ကျောင်းသား/သူများအား ၄င်းတို့၏ အိမ်သုံး/မူလဘာသာစကားများဖြင့် ပညာရေးဘာသာရပ်များကို ဆက်လက်လေ့လာနေစဉ်အချိန်၌ပင် အင်္ဂလိပ်ဘာသာ စကားဖြင့် ရေး၊ ဖတ်၊ ပြော၊ နားလည်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ ကျောင်းသား/သူများ၏ အိမ်သုံး/မူလဘာသာ စကားအား အသုံးပြု၍ ပညာရေး ကဏ္ဍာပေါင်းစုံတိုးတက်ရေး ကူညီရာ၌ အသုံးပြုကာ၊ အင်္ဂလိပ်ဘာသာစကား idkလည်း ရရှိလာစေမည် ဖြစ်သည်။ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ကျွမ်းကျင်ပိုင်နိုင်မှုကို ရရှိပြီးသည်နှင့် ထပ်လောင်းအကူအညီမလိုအပ်ပဲ ဇကဘာသာစကား စာသင်ခန်းသို့ အသွင်ကူးပြောင်းနိုင်စေမည့် အခွင့်အရေးကို ပေးရန် ဖြစ်ပေသည်။ TBE အစီအစဉ်တွင် အချိန်ကြာမြင့်လာသည်နှင့် အလျောက် အင်္ဂလိပ်ဘာသာစကား အခြေပြုသင်ကြားမှု များလာမည် ဖြစ်သော်လည်း၊ ကျောင်းသား/သူများမှ ဒွိဘာသာစကားအရ တိုးတက်နိုင်ရန်အတွက် အိမ်သုံး/မူလဘာသာအခြေပြု သင်ကြားမှု နှင့် အထောက်အပံ့များ အမြဲရှိနေမည် ဖြစ်သည်။

တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်များ

ဤအစီအစဉ်များကို ဒေသခံ နှင့် ဒေသခံမဟုတ်သော အင်္ဂလိပ်ဘာသာစကား ပြောဆိုသူများအား ဒွိဘာသာတတ်မြောက်ရန် (ဘာသာစကား နှစ်မျိုးအား ကျွမ်းကျင်စွာပြောတတ်ခြင်း)၊ ဒွိဘာသာစာတတ်မြောက်ရန် (ဘာသာစကား နှစ်မျိုးဖြင့် ရေးတတ်၊ ဖတ်တတ်ခြင်း)၊ ယဉ်ကျေးမှု ဖလှယ် နားလည်ရန်၊ နှင့် ELL မဟုတ်သည့် အစီအစဉ်များတွင် ပါဝင်သည့် ကျောင်းသား/သူများနှင့် တန်းတူ ပညာရေး ထူးချွန်ထက်မြက်ရန် အတွက် ဖန်းတီးတည်ဆောက်ထားသည်။

*တလမ်းသွား နှစ်ဘာသာ အစီအစဉ်*တွင် အိမ်သုံး/မူလဘာသာစကား သို့မဟုတ် နောက်ကြောင်းတူသည့် ကျောင်းသား/သူများ ပါဝင်သည်။ ဆရာ/မမ သင်ကြားမှုကို အင်္ဂလိပ်ဘာသာ နှင့် အိမ်သုံး/ပစ်မတ်* ဘာသာစကားနှင့် ပို့ချပေးသည်။

*နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်*တွင် ဒေသခံ အင်္ဂလိပ်ဘာသာစကား ပြောဆိုသူများ နှင့် ELLများပါဝင်သည်။ ဆရာ/မ သို့မဟုတ် ဆရာ/မများသည် သင်ကြားချက်များကို အင်္ဂလိပ်ဘာသာ နှင့်တကွ အိမ်သုံး/မူလဘာသာစကား နှင့်ပါ ပို့ချသည်။ ဤအစီအစဉ်၌ အများအားဖြင့် ကျောင်းသား/သူများတို့သည် ၄င်းတို့အတွက် ပို့ချချက်များ ထက်ဝက်ခန့်ကို အိမ်သုံး/မူလဘာသာစကားနှင့် သင်ယူကာ၊ အခြားပို့ချချက်တို့ကို ၄င်းတို့၏ ပစ်မတ် ဘာသာစကားနှင့် သင်ယူကြသည်။ ပုံစံပေါ်မူတည်၍ အင်္ဂလိပ်စကား နှင့် အိမ်သုံး/ပစ်မတ် ဘာသာစကား ပို့ချချက်ရာနှုန်းများ ကွဲပြားခြားနားကြသည်။ ဥပမာအားဖြင့်ဆိုသော်၊ ၉၀%-၁၀%ပုံစံတွင် ပို့ချချက် ရာနှုန်းအများစုကို အင်္ဂလိပ်မှအပ ပစ်မတ်ဘာသာစကား နှင့် ပို့ချက်ကာ၊ အချိန်ကာလအလျောက် ၅၀%-၅၀%ရောက်သည်အထိ ထပ်တိုး သင်ကြားပေးသွားသည်။ ထိုအစီအစဉ်များ၏ ပန်းတိုင်မှာ ကျောင်းသား/သူများ အင်္ဂလိပ်ဘာသာ နှင့် အိမ်သုံး/ပစ်မတ်ဘာသာစကား တို့တွင် တတ်မြောက် ကျွမ်းကျင်လာစေရန်ပင် ဖြစ်ပေသည်။

** ပစ်မတ်ဘာသာစကားဆိုသည်မှာ သင်ယူတတ်မြောက်/ရရှိထားသည့် ဒုတိယဘာသာစကားကို ခေါ်ခြင်းဖြစ်သည်။*

အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ (ELLs)နှင့် ပတ်သက်သည့် မေးရိုးမေးစဉ် မေးခွန်းများ (အဆက်)

အကယ်၍ ကျွန်ုပ်၏ကလေးသည် အိမ်သုံးဘာသာစကားကို မကြာခဏ အသုံးပြုပါက ၎င်းမှ အင်္ဂလိပ်စကား တတ်မြောက်နိုင်ပါမည်လား?

ဘာသာစကား နှစ်မျိုးဖြင့် သင်ယူချက်ကြောင့် ကျောင်းသား/သူများ စိတ်ရှုပ်ထွေးတတ်သည်ဟု သာမန်အားဖြင့် စိုးရိမ်တတ်ကြသည်။ အနှစ် ၃၀ကျော်ခန့် ပြုလုပ်လာသည့် သုတေသနသည် ထိုသို့ ဘာသာစကားရှုပ်ထွေးမှု မဖြစ်တတ်ကြောင်း အဖန်တလဲလဲ ဖော်ပြနေ၏။ တကယ်တန်းမှာမူ၊ ကျောင်းသား၏ အိမ်သုံး/မူလဘာသာစကားကို အသုံးပြုခြင်းသည် ၎င်း၏ အင်္ဂလိပ်စာဖွံ့ဖြိုးမှုအတွက် အလျှင်မြန်ဆုံး နည်းလမ်းပင် ဖြစ်ပေသည်။ ထပ်လောင်း၍၊ ဒွိဘာသာစကား လေ့လာသင်ယူသူများတွင် ပြောင်းပျော့ပုံဖော်နိုင်သည့် ဦးဏှောက်တစုံ ဖွံ့ဖြိုးလာကာ၊ သင်ကြားမှုကို အားကြီးသည့် အထောက်အကူပေးသော ဉာဏစွမ်းပကားများ တိုးတက်လာပေသည်။ တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်များတွင်၊ သင်ကြားပို့ချမှု ဘာသာစကာများကို ခွဲခြားထားသည် ဖြစ်၍၊ သတ်မှတ်ထားသည့် အချိန်၊ နေ့ရက်တို့တွင် ဆိုင်ရာဘာသာစကားနှင့် သင်ယူရမည် ဖြစ်သည်။ မိဘများမှ ထိုအစီအစဉ်များသို့ အလည်အပတ်သွားရောက်သည့် အခါ၊ ထိုပြင်ဆင်မှုတို့မှာ ရှုပ်ထွေးမှု မဖြစ်ရုံမျှမက ကျောင်းသား/သူများ၏ ဒွိဘာသာစကား တိုးတက်မှုကို အလွန်ထောက်ကူကြောင်း တွေ့မြင်ကြရပေသည်။ အသက်၁၀ အရွယ်တွင် တလမ်း သို့မဟုတ် နှစ်လမ်းသွား နှစ်ဘာသာ အစီအစဉ်၌ တက်ရောက်နေသည့် ကလေးများသည် ဇကာဘာသာ အင်္ဂလိပ်စကားပြော ကလေးများ နှင့် တန်းတူ၊ သို့မဟုတ် သာလွန်စွာ စွမ်းဆောင်နိုင်ကြောင်း သုတေသနမှ ပြသလျက်ရှိသည်။

ဒွိဘာသာစကား အစီအစဉ်တွင် မည်သို့သော သင်ခန်းစာများ နှင့် လုပ်ရှားမှုများကို တွေ့ရှိရန် ကျွန်ုပ်မှ မျှော်လင့်နိုင်ပါသနည်း?

ကျောင်းသား/သူများသည် သင်ကြားမှုများကို အင်္ဂလိပ်ဘာသာစကား နှင့်ယှဉ်တွဲ၍ အိမ်သုံး/မူလဘာသာစကားဖြင့်ပါ ရယူနိုင်မည် ဖြစ်သော်လည်း၊ သင်ရိုးညွှန်းတမ်းမှာမူ ဒွိဘာသာမဟုတ်သည့် အတန်းများနှင့် အတူတူပင် ဖြစ်သည်။ ကျောင်းသား/သူများမှ စာတတ်မြောက်မှု နှင့်တကွ၊ သင်္ချာ၊ သိပ္ပံ၊ ဝိဇ္ဇာတွဲများ၊ နှင့် လူမှုရေး ဘာသာရပ်ဆိုင်ရာ အသိပညာတို့ကို အစီအစဉ် ပုံစံပေါ် မူတည်၍ နှစ်ဘာသာဖြင့် လေ့လာဖွံ့ဖြိုးနိုင်ပေမည်။ ဒွိဘာသာစကားပြော နှင့် ဒွိဘာသာစာတတ် ကလေးသည် အင်္ဂလိပ်ဘာသာစကား နှင့်အတူ အိမ်သုံး/မူလဘာသာစကားဖြင့်ပါ နားထောင်၊ ရေး၊ ဖတ်၊ ပြောဆို နိုင်ပေသည်။ ဘာသာစကားတခုမှ အရည်အသွေးများသည် အခြား ဘာသာစကားတခုထံသို့ ကူးပြောင်းသွားကြသည်။ ကျောင်းသား/သူသည် အိမ်သုံး/မူလဘာသာစကား၌ စာတတ်အား ကောင်းပါက၊ ထိုသို့သော စွမ်းရည်များသည် ဒုတိယ ဘာသာစကားထံသို့ပါ ကူးပြောင်းသွားတတ်ကြပေသည်။

အင်္ဂလိပ်စာအား ဘာသာစကားအသစ်အဖြစ် သင်ကြားခြင်း အစီအစဉ်များ

ယခင် အင်္ဂလိပ်စကားအား ဒုတိယဘာသာစကား အဖြစ်သင်ကြားခြင်းဟု ခေါ်ဆိုသည့် ဤအစီအစဉ်တွင်၊ အင်္ဂလိပ်ဘာသာစကား သင်ကြားရယူမှုကို အလေးထား ဆောင်ရွက်မည် ဖြစ်သည်။ ဤ ENL အစီအစဉ်တွင် ဘာသာဗေဒ ဝိဇ္ဇာတွဲများ နှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားချက်များကို တိကျသည့် ENL ပို့ချချက် ဗျူဟာများပါရှိသည့် အင်္ဂလိပ်ဘာသာစကားနှင့် သင်ကြားပေမည်။ အချို့ဘာသာရပ် ဆိုင်ရာ အတန်းများမှာမူ အရည်အသွေးမြင့် ENL များဖြစ်သည်။ သာလွန်နားလည်နိုင်ရန် အတွက် အိမ်သုံး/မူလဘာသာစကား အသုံးပြု အထောက်အပံ့ နှင့် သင့်လျော်သည့် ELL သင်ကြားမှု အကူအညီများ ပါဝင်သည့် ပင်မ လေ့လာမှု ဇရိယာ နှင့် အင်္ဂလိပ် ဘာသာစကား ဖွံ့ဖြိုးရေး ပို့ချချက်များကို ကျောင်းသား/သူများမှ လက်ခံရရှိမည် ဖြစ်ပေသည်။ အရည်အသွေးမြင့် ENL အတန်းများကို ENL နှင့် ပင်မ လေ့လာမှု ဇရိယာ၌ပါ လက်မှတ်ရ ဆရာ/မမှ သင်ကြားမည် သို့မဟုတ် လေ့လာမှု ဇရိယာ လက်မှတ်ရ ဆရာ/မနှင့် ENL လက်မှတ်ရ ဆရာ/မတို့မှ ပူးတွဲသင်ကြားပေးသွားမည်။ တပင်တိုင် ENL အတန်းတွင်မူ ပင်မ လေ့လာမှု ဇရိယာတွင် ထူးချွန်အောင်မြင်နိုင်ရန်အတွက်၊ အင်္ဂလိပ်ဘာသာစကားအား အခြား ဘာသာ စကားပြောသူများကို သင်ကြားရေး (ESOL) NYS-လက်မှတ်ရ ဆရာ/မထံမှ အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှု ပို့ချချက်များကို ကျောင်းသား/သူများမှ ရရှိမည်။ ဤအစီအစဉ်မှာ အင်္ဂလိပ်ဘာသာစကား အခြေပြု၍သာ ပြောဆိုနိုင်သည့် အိမ်သုံး/မူလဘာသာစကား မတူညီသော နောက်ကြောင်းများမှ လာသည့် ဒွိဘာသာစကား အစီအစဉ်တွင် မပါဝင်နိုင်သည့် ELL ကျောင်းသား/သူများအတွက် ဝန်ဆောင်မှုဖြစ်သည်။

ဤအစီအစဉ်တွေမှာ မည်သို့ ကွာခြားချက်တွေ ရှိနေပါသနည်း?

နှစ်ဘာသာအစီအစဉ်များတွင် ဘာသာစကား နှစ်မျိုးလုံး အသုံးပြုကာ၊ ဒွိဘာသာစာ တတ်မြောက်ရေး နှင့် ဒွိဘာသာစကား တတ်မြောက်ရေး တို့ကို ဦးတည်သည်။ အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး၏ အဓိကမရည်ရွယ်ချက်မှာ အိမ်သုံး/မူလ ဘာသာစကားကို အသုံးပြု၍ အတန်းအလျောက် ပညာရေး အရည်အသွေးများ မြင့်တက်လာပြီး အင်္ဂလိပ်ဘာသာစကား သင်ယူမှုကို ဖန်တီးပေးနိုင်ရေးပင် ဖြစ်သည်။ ENL အတန်းများ နှင့် ပုံစံများတွင်၊ သင်ကြားပို့ချမှုများသည် အဓိကအားဖြင့် အင်္ဂလိပ်ဘာသာ စကားနှင့် ဖြစ်၍၊ အိမ်သုံး/ပင်မဘာသာစကား အထောက်အပံ့များလည်း ထားရှိမည် ဖြစ်သည်။ ရှေ့စာမျက်နှာတွင် ဖော်ပြထားသည့် အစီအစဉ် ပုံစံများ နှိုင်းယှဉ်ပြဇယားကို ကျေးဇူးပြု၍ ကြည့်ရှုပါ။

	နစ်ဘာသာ အစီအစဉ်များ
အသုံးပြု ဘာသာစကားများ	ယေဘူယျအားဖြင့် အင်္ဂလိပ် ၅၀% နှင့် အိမ်သုံး (သို့) ပစ်မတ်စကား ၅၀% (သို့) အိမ်သုံး (သို့) ပစ်မတ်စကား ၉၀% နှင့် အင်္ဂလိပ် ၁၀%၊ ထိုမှတဆင့် ၅၀%-၅၀%သို့ ရောက်သည်အထိ တိုးမြင့် (အစီအစဉ် ပုံစံပေါ်မူတည်၍ ရာနှုန်းများ ကွဲပြားသည်။)
ပန်းတိုင်များ	အင်္ဂလိပ် နှင့် အိမ်သုံး/ပစ်မတ် ဘာသာတို့တွင် ဒွိဘာသာ စာတတ်ရေး နှင့် စကားတတ်ရေး

	အသွင်ကူးပြောင်းခြင်း ဒွိဘာသာစကား ပညာရေး အစီအစဉ်များ
အသုံးပြု ဘာသာစကားများ	အင်္ဂလိပ်စကား တိုးပွားလာသည်နှင့် အိမ်သုံး/မူလစကား အသုံးပြုနှုန်းလျော့ကျသွားမည်
ပန်းတိုင်များ	အင်္ဂလိပ်စကား သင်ယူနေစဉ် အိမ်သုံး/မူလစကား အသုံးပြု၍ ဘာသာရပ်ပညာများ လေ့လာရေး

	အင်္ဂလိပ်စာအား ဘာသာစကားအသစ်အဖြစ် သင်ယူခြင်း အစီအစဉ်
အသုံးပြု ဘာသာစကားများ	အင်္ဂလိပ်စကား အဓိကထား (အင်္ဂလိပ်စာ တတ်မြောက်ရေးအတွက် အိမ်သုံး/မူလစကား အထောက်အပံ့များ ထားရှိပေးမည်)
ပန်းတိုင်များ	ELL များ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု ဖွံ့ဖြိုးဖေါ်ဆောင်ရာ၌ ထောက်ပံ့အားပေးရေး

ကျွန်ုပ်ကလေးအတွက် အစီအစဉ်များကို မည်သို့ လေ့လာသိရှိနိုင်ပါသနည်း?

နယူးယောက်ပြည်နယ်တွင်၊ ကျောင်းများသည် ၄င်းတို့ ကျောင်း သို့မဟုတ် ခရိုင်အတွင်း ရရှိနိုင်သည့် ELL အစီအစဉ် အမျိုးမျိုး အကြောင်းကို စာရင်းအသစ်ပေးသွင်း အပ်နှံသည့် ELLများ၏ မိဘ၊ အုပ်ထိန်းသူများအား အဖွင့်မိတ်ဆက်ပွဲ ကျင်းပ၍ အသိပေးရန် လိုအပ်ပေသည်။ ထိုအဖွင့်မိတ်ဆက်တွင် သင်ရိုးများ၊ စံနှုန်းများ၊ နှင့် ELL အစီအစဉ်များအကြောင်းပါသည့် စာရွက်စာတမ်းများကို သင့်အိမ်သုံး/မူလဘာသာစကားဖြင့် ရရှိမည်ဖြစ်ကာ၊ လိုအပ်ပါက ထို ELL ဝန်ဆောင်မှုများအကြောင်းကို စကားပြန်၏ အကူအညီဖြင့် မေးမြန်းခွင့် ရှိပေလိမ့်မည်။ ထိုအဖွင့်မိတ်ဆက်အပြီးတွင် သင်မှ သင့်ကလေးအတွက် လိုအပ်သည့် ဆုံးဖြတ်ချက်များ ချနိုင်လောက်အောင် အချက်အလက်များ ရရှိပြီးဖြစ်ကြောင်းကို ELL မိဘအဖွင့်မိတ်ဆက် လုပ်ငန်းဆောင်တာစာရင်းတွင် အမှတ်ခြစ် ဖြေဆိုရှိ သေချာစေရမည်။ ထို့အပြင်၊ သင့်ကလေးအား မည်သည့် ဝန်ဆောင်မှုများ ရရှိစေမည်ဖြစ်ကြောင်း နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ELL ကျောင်းသား အပ်နှံထားရှိရေး လျှောက်လွှာပုံစံကို သင်မှ လက်ခံရရှိပေမည်။ ထိုအချက်အလက်တို့ကိုလည်း သင်၏ အိမ်သုံး/မူလဘာသာ စကားဖြင့် ရရှိစေမည် ဖြစ်သည်။

ကျွန်ုပ်ကလေး မည်သည့် အချိန်တွင် ELL အစီအစဉ်များမှ ဖယ်ရှားနိုင်မည်နည်း?

ELLများသည် ELL အနေအထားမှ ဖယ်ရှားနိုင်ရန် နည်းလမ်း လေးသွယ် ရှိပေသည် -

မူလ-၂တန်း	NYSESLAT စာမေးပွဲတွင် ပိုင်နိုင်/ကျွမ်းကျင် အဆင့် ဖြေဆိုရရှိခြင်း
၃-၈တန်း	NYSESLAT စာမေးပွဲတွင် တိုးပွားခြင်း/အဆင့်မြင့် အဆင့် ဖြေဆိုရရှိပြီး၊ ထိုနှစ်အတွင်း NYS အင်္ဂလိပ်ဘာသာ အခြေပြု ဝိဇ္ဇာတွဲများ(ELA) တွင် အဆင့် ၃ (သို့) ၄င်းနှင့် အထက် ဖြေဆိုရရှိခြင်း
၉-၁၂တန်း	NYSESLAT စာမေးပွဲတွင် တိုးပွားခြင်း/အဆင့်မြင့် အဆင့် ဖြေဆိုရရှိပြီး၊ ထိုနှစ်အတွင်း ပြည်နယ်စစ် စာမေးပွဲ အင်္ဂလိပ်စာဘာသာတွင် ၆၅မှတ် နှင့် အထက် ရရှိခြင်း
မသန်မစွမ်း ELLများ	အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုကို စိစစ်ရန် တမူပြောင်းလဲထားသည့် နည်းလမ်းကို အသုံးပြုမည်

ELLများသည် ELL အနေအထားမှ ဖယ်ရှားနိုင်သည်နှင့်၊ ၄င်းတို့အား ယခင် ELLများ ဖြစ်လာပေသည်။ ယခင် ELLများသည်၊ ယခင် ELLများ ရသင့်ရထိုက်သည့် အထောက်အပံ့ ဝန်ဆောင်မှုများကို ၂နှစ်တိုင်သည် ရယူပိုင်ခွင့် ရှိပေသည်။

အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ နှင့် ဘာသာစကား ပေါင်းစုံ သင်ယူနေသူများ (ELLs/MLLs) နှင့် ပတ်သက်သည့် ယုံတမ်းစကားများ

ယုံတမ်း ၁။ ELL အများစုသည် အမေရိကန် ပြည်ထောင်စု (US) အပြင်ဘက်တွင် မွေးဖွားကြသည်။

အသက် ၅မှ၁၈နှစ်အရွယ် အင်္ဂလိပ်စာ သင်ယူနေသူ(ELL)ပေါင်း ၂၁၅,၀၀၀ခန့် နယူးယောက် ပြည်နယ် ကျောင်းများတွင် ရှိနေသည်။ ၄င်းတို့ အနက် ၆၁.၅%သည်သာ အမေရိကန်နိုင်ငံ ပြင်ပတွင် ဖွားမြင်ကြောင်း၊ ၂၀၁၃-၂၀၁၄ NYS အချက်အလက် စုဆောင်းရေး စနစ် (SIRS)အရ သိရှိရသည်။

ယုံတမ်း ၂။ လွန်လေပြီးသော ကာလတွင်၊ ရှေ့ပြောင်းနေထိုင်သူများသည် အင်္ဂလိပ်စာအား ဘာသာစကား အသစ် (ENL) အဖြစ် သင်ယူခြင်း နှင့် ဒွိဘာသာ အတန်းများ မရှိပဲ အောင်မြင်ခဲ့ကြသည်။

ကာလရှေ့လျောလာသည်နှင့်အမျှ၊ ဒွိဘာသာစကား တတ်ခြင်းသည် တန်ဖိုးရှိလာသည်။ ကျောင်းသား/သူများမှ လုပ်ငန်းခွင်ဝင်ရန် ယခင်ထက် ပိုသည့် ပညာရေး အောင်မြင်မှုများ လိုအပ်လာနေသည်။ NYS မှ လက်ခံရယူခဲ့သည့် ELA ဗဟိုအခြေပြု စံနှုန်းများသည် ကျောင်းပြီးသူများ ကမ္ဘာ့ဈေးကွက်တွင် စံချိန်မှီရန်အတွက် ဘာသာစကား စွမ်းရည်မြင့်မားမှု လိုအပ်ချက်ကို သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ ELLများသည် အိမ်သုံး/မူလဘာသာစကားတွင် အသိပညာများ ရရှိခဲ့ပြီး ဖြစ်သည့်အလျောက်၊ ဆရာ/မများမှ ၄င်းတို့ ရှိရင်းစွဲ အသိပညာ အပေါ် အခြေခံကာ ကောလိပ် တက်ရောက်ရေး ပြင်ဆင်ရန် နှင့် အလုပ်ခွင် ဝန်နိုင်ရန် ELLများ၏ ပညာရေး စွမ်းရည်တို့ကို မြှင့်တင်ပေးရမည်။

ယုံတမ်း ၃။ ELLများသည် လူမှုရေးရာ အင်္ဂလိပ်စကား ပြောဆိုနိုင်သည်နှင့် တပြိုင်နက် ပညာရေးတွင် ထူးချွန်အောင်မြင်နိုင်သည်။

ELLများသည် လူမှုဆက်ဆံရေး ဘာသာစကားကို သုံးနှစ်အတွင်း ရရှိနိုင်သော်လည်း ပညာရေး အတွက် အင်္ဂလိပ်စကားကိုမူ ကျွမ်းကျင်ပိုင်နိုင်လာရန် ခုနှစ်နှစ်ခန့် အချိန်ယူရသည်။ အိမ်သုံး/မူလဘာသာစကားပါ အသိပညာ နှင့် စာတတ်မြောက်မှု အဆင့်တို့သည် ကျောင်းသား/သူများ အင်္ဂလိပ်ဘာသာဖြင့် ပညာရေးကိစ္စတို့ စွမ်းဆောင်နိုင်မှုကို များစွာအကျိုးပြုသည်။

ယုံတမ်း ၄။ NYS အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ ရှာဖွေသတ်မှတ်ခြင်း စာမေးပွဲ (NYSITELL) သို့မဟုတ် အင်္ဂလိပ်စာအား ဒုတိယဘာသာအဖြစ် ထူးချွန်ခြင်း စာမေးပွဲ (NYSESLAT)၊ စသည်တို့ အောင်မြင်သည်နှင့် ကျောင်းသား/သူသည် ကျောင်း၌ထူးချွန်အောင်မြင်ရန် လုံလောက်သည့် အင်္ဂလိပ်စကား ရရှိပြီ ဖြစ်သည်။

အင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်သူ ကျောင်းသား/သူများသည်လည်း အတန်းတွင်း၌ သင်ကြားပို့ချမှု အထောက်အကူများ လိုအပ်နေနိုင်ပေသည်။ ကော်မစ်ရှင်နာ၏ စည်မျဉ်းများ အပိုင် ၁၅၄အရ၊ ကျောင်းခရိုင်များသည် ELL အနေအထားမှ ဖယ်ခွာပြီးသည့် ကျောင်းသား/သူများအား ယခင် ELL များအတွက် ဝန်ဆောင်မှုများကို ၂နှစ်အထိ ပေးရန် လိုအပ်သည်။ ထို့အပြင်၊ELL များ မဟုတ်တော့သည့်နောက် ၂နှစ်အတွင်း ELL စာမေးပွဲ ဖြေဆိုရေး အစီအစဉ်များကို ဆက်လက်ရရှိနေနိုင်ပေသည်။

ယုံတမ်း ၅။ ကျောင်းတွင် ထူးချွန်အောင်မြင်ရန် ELLများသည် ယဉ်ကျေးမှုအားဖြင့် အမြန်ဆုံး ကူးပြောင်းရမည်။

"ရယူမှုအတွက် ပေးဆပ်ခြင်း" ထက်၊ ELLများသည် အတန်းတွင်း ဖြစ်ပျက်နေသည်များကို ၄င်းတို့ ယဉ်ကျေးမှု အတွေ့အကြုံများ နှင့် ချိန်ထိုးနိုင်ကာ၊ ယဉ်ကျေးမှုအသစ်ကို သင်ယူရာ၌ ၄င်းတို့ သရုပ်သကန်ကို ထိန်းသိမ်းရန် လိုအပ်ပေသည်။ အခြားကျောင်းသား/သူများ နည်းတူ၊ ကျောင်းသား/သူများ၏ ရှိရင်းစွဲ အသိပညာအပေါ် အခြေခံ၍ ဆရာ/မများမှ တည်ဆောက်ပေးရမည်။ အတန်းတွင်း မတူကွဲပြားသော ယဉ်ကျေးမှုများကို လက်ခံနားလည်းခြင်းဖြင့် ကျောင်းသားအားလုံးအတွက် ပညာရေး အရည်အသွေး မြင့်တက်ပေသည်။

ယုံတမ်း ၆။ အကယ်၍ ကလေးများအား အိမ်၌ အင်္ဂလိပ်စကား နှင့် မူလဘာသာစကားပါ ပြောဆိုပါက၊ ဘာသာစကား မတည်ငြိမ်မှုများ ဖြစ်လာပြီး၊ ကြန့်ကြာစေတတ်သည်။

မဟုတ်ပါ၊ ထိုသို့ မတည်ငြိမ်မှုများ၊ ကြန့်ကြာမှုများ မဖြစ်စေပါ။ မိဘများမှ ကလေးများအား ၄င်းတို့ အကျွမ်းကျင်ဆုံး ဘာသာစကားနှင့် ပြောဆိုရန် အလွန်အရေးကြီးသည်။ လူဦးရေအုပ်သည် တပြိုင်နက် ဘာသာစကားများစွာ လေ့လာနိုင်စွမ်း ရှိပေသည်။ ငယ်စဉ်အခါ၊ ဘာသာစကား နစ်မျိုးရရှိခြင်းသည် ဉာဏ်စွမ်းပကားတို့ကို အားကောင်းစေသည်။ ဒွိဘာသာတတ်မြောက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် ပညာရေး၊ စီးပွားရေး အခွင့်အလမ်းများ သာလွန်စွာ ရှိနေပေသည်။

အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ နှင့် ဘာသာစကား ပေါင်းစုံ သင်ယူနေသူများ (ELLs/MLLs) နှင့် ပတ်သက်သည့် ယုံတမ်းစကားများ (အဆက်)

ယုံတမ်း ၇။ ကျောင်းသား/သူများအား ၄င်းတို့ အိမ်သုံး/မူလဘာသာစကားကို ကျောင်း၌ပြောဆိုရန် အားမပေးသင့်။

ကျောင်းသား/သူများ၏ အိမ်သုံး/မူလဘာသာစကားကို အသုံးပြုရန် အားပေးသည့် ကျောင်းများတွင် ကျောင်းသား/သူ ပါဝင်မှု ပိုမိုများပြားသည့်အတွက် သင်ကြားမှု ပိုဖြစ်မြောက်သည်။ ကျောင်းသား/သူ၏ မိမိကိုယ်ကိုယ် ယုံကြည်ချက်လည်း တက်လာစေသည်။

ယုံတမ်း ၈။ အင်္ဂလိပ်ဘာသာတွင်သာ နှစ်မြှုပ်ခြင်းသည် အင်္ဂလိပ်ဘာသာစကားကို တတ်မြောက်လွယ်စေသည်။

ကျောင်းသား/သူ၏ အိမ်သုံး/မူလ ဘာသာစကားဖြင့် သင်ကြားမှုသည် အင်္ဂလိပ်စာ ရရှိမှုကို ဖြစ်ပေါ်စေသည်။ ကလေးများသည် အင်္ဂလိပ်စာ တတ်မြောက်ရန်အတွက် ၄င်းတို့ ပထမဘာသာစကားတွင် အခြေခိုင်လုံ ကောင်းမွန်ရန် လိုအပ်သည်။ နှစ်ဘာသာ အစီအစဉ်များသည် ကလေး၏ အိမ်သုံး/မူလဘာသာစကားကို တည်တံ့စေပြီး၊ ဒုတိယဘာသာစကား နှင့် ဘာသာရပ် အသိပညာတို့ တိုးပွားရေးတို့အတွက် သင်ကြားပို့ချမှုများ ပေးအပ်ပေသည်။

ယုံတမ်း ၉။ ELLများအား ကနဦးအစမှပင် အင်္ဂလိပ်လို ဖတ်တတ်နိုင်ရန် သင်ကြားပေးသင့်သည်။

စာဖတ်မှု စွမ်းရည်သည် ဘာသာစကားတခုမှ အခြားတခုသို့ ကူးပြောင်းနိုင်ကြောင်း သုတေသနမှ ဖေါ်ပြသည်။ ၄င်းတို့ အိမ်သုံး/မူလဘာသာ စကားတွင် ပထမ ဖတ်တတ်ခဲ့သော ကျောင်းသား/သူများသည် အင်္ဂလိပ်စာ ဖတ်ရှုရာတွင်လည်း အောင်မြင်ပေလိမ့်မည်။

အင်္ဂလိပ်စာ လေ့လာသင်ယူသူများအကြောင်း ယုံတမ်းစကားများအား ခြင်းပယ်ခြင်း၊ နယူးယောက် ပြည်နယ် ဆရာများညွှန်ပေါင်း သုတေသန နှင့် ပညာရေး ဝန်ဆောင်မှုများ၊ ၂၀၁၅ မှ မှီငြမ်းကိုးကားသည်။

သင်သိပါသလား?
ဒွိဘာသာစကား နှင့် ဒွိဘာသာစကား ပညာရေး ဆိုင်ရာ သိမှတ်ဖွယ်ရာများ

အောက်ပါတို့သည် ဒွိဘာသာစကား နှင့် ဒွိဘာသာစကား ပညာရေးဆိုင်ရာ အရေးကြီးသည့် သုတေသန-အခြေပြု အချက်အလက်များ ဖြစ်သည်။ ဒွိဘာသာတတ်မြောက်ခြင်းကြောင့် ဉာဏ်၊ လူမှုရေးနှင့် အသက်မွေးဝမ်းကြောင်းမှု အားသာချက်များ များစွာ ရှိသည် -

- လေ့လာချက်များအရ၊ ဒွိဘာသာတတ်မြောက်ခြင်းဖြင့် စိမ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဉာဏ်တာဝန်များစွာ ထမ်းဆောင်ခြင်း စသည့် ဦးဇော်ဂက်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်မှုများ တိုးတက်လာကြောင်း သိရှိရသည်။
- ဒွိဘာသာ ကျောင်းသား/သူများသည် ပတ်ဝန်းကျင်ကို သတိမူနိုင်ကြောင်း တွေ့ရကာ၊ အာရုံစူးစိုက်နိုင်စွမ်း ပိုရှိကြသည်။
- ဒွိဘာသာစကား ပညာရေးသည် ယဉ်ကျေးမှုများစွာတို့မှ အလေ့အထများကို ထည့်သွင်းစဉ်းစားထားပြီး၊ ကျောင်းသား/သူ အားလုံး၏ လူမှုရေး ဖွံ့ဖြိုးမှုကို မွေးမြူပေးသည်။
- ဒွိဘာသာ အစီအစဉ်များမှ ကျောင်းသား/သူများတွင် သရုပ်သကန် နှင့် ဘာသာစကားတို့အပေါ် ပြင်းစွာသော ခံစားချက် ရှိသည်၊ ထို့ကြောင့် ၄င်းတို့၏ ယဉ်ကျေးမှုသည် ကိုယ်စားပြုမှုပေးနိုင်ကာ အလေးစားခံရသည်။
- ဒွိဘာသာတတ်မြောက်ခြင်းသည် မွေးဝမ်းကြောင်းမှုအတွက် အဖိုးတန်သည်။ တိုးပွားလာသည့် ကမ္ဘာ့လူ့အဖွဲ့အစည်းတွင်၊ ဘာသာစကားများစွာဖြင့် ရေးနိုင်၊ ပြောနိုင်ခြင်းသည် အလုပ်ဈေးကွက်တွင် လွန်စွာတန်ဖိုးရှိလာခဲ့သည်။
- သင့်ကလေးအား သင့်အိမ်သုံး/မူလဘာသာစကားဖြင့် စာဖတ်ပြပေးခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်၍၊ အရာရောက်သည့် စာပေတတ်မြောက်မှု အလေ့အထဖြစ်ကာ၊ ၄င်း၏ ပညာရေး ဖွံ့ဖြိုးမှုအား ကောင်းစွာအကျိုးပြုပေသည်။

ဆေးပညာ၊ စိတ္တဗေဒ၊ ပညာရေး၊ နှင့် ဘာသာဗေဒတို့ ပါဝင်သည့် အခြေပြုထားသည့် သုတေသန စုစည်းချက်အပေါ် သုံးသပ်၍ ကလေးသူငယ်များဆိုင်ရာ အမေရိကန် အကယ်ဒမီ*မှ ဘာသာစကားပေါင်းစုံပြောသည့် ကလေးသူငယ်များ ဖြစ်လာရေးကို များမကြာမီကာလကပင် ထောက်ခံ အားပေးခဲ့ပြီးဖြစ်သည်။ ထိုသုတေသန စာတမ်းတွင် ဘာသာစကားပေါင်းစုံတတ်မြောက်ရေးသည် ကလေးငယ်တဦး၏ ဘဝတွင် အာသာချက်သာဖြစ်၍၊ စိုးရိမ်ဖွယ်အနေဖြင့် အားမပေးခြင်းများကို မပြုသင့်ကြောင်း ပါရှိသည်။ ပိုမိုသိရှိလိုပါက http://pediatrics.aappublications.org/content/133/5/e1481.full တွင်သွားရောက် ကြည့်ရှုပါ။

* ဧပြီလ ၂၈ရက်၊ ၂၀၁၄ တွင် အွန်လိုင်း၌ ထုတ်ဝေခဲ့သည်။ *ကလေးသူငယ်ဆိုင်ရာ* အတွဲ ၁၃၃၊ အမှတ် ၅၊ မေလ ၁ရက်၊ ၂၀၁၄။

ယုံတမ်း ၁။ ဘာသာစကား နှစ်မျိုးကြောင့် ကျွန်ုပ်၏ကလေးသည် စိတ်ရှုပ်ထွေးလိမ့်မည်။

- တပြိုင်နက် ဘာသာစကား နှစ်မျိုး သို့မဟုတ် ထိုထက်ပိုမို၍ သင်ယူခြင်းဖြင့် ကလေးများအား မရှုပ်ထွေးစေပါ။ ဘာသာစကား နှစ်မျိုးလုံးအား တန်ဖိုးထားသည့် ဝန်းကျင်တွင် ကြီးပြင်းသည့် ကလေးများတွင် ဉာဏ်၊ လူမှုရေး နှင့် ဖြစ်နိုင်ခြေ စီးပွားရေး ကောင်းကျိုးများ ရှိနေပေသည်။
- ဘာသာစကား တမျိုးထက်ပိုတတ်သည့် ကလေးများ၏ ဦးဇေဏာက်အတွင်း ဘာသာရပ်၊ မှတ်ဉာဏ်၊ နှင့် အာရုံစူးစိုက်မှု အကန့်များတွင် တစ်ရှူးများ ပိုမိုသိပ်သည်းနေတတ်သည်။
- ထို့အတူ ဘာသာပေါင်းစုံပြော ကလေးများတွင် (စီမံခန့်ခွဲမှု၊ ပြင်ဆင်မှု၊ မှတ်သားနိုင်မှု၊ အသစ်အဆန်းများအား ကိုင်တွယ်လုပ်ဆောင်နိုင်မှု စသည့်) အထွေထွေအုပ်ထိန်းမှုများ ပိုရှိကာ၊ စာပေစွမ်းရည်များလည်း ဦးစွာ ရရှိ နေတတ်ကြသည်။

ယုံတမ်း ၂။ စကားများ ပေါင်းပြောသည့် ဒွိဘာသာ ကလေးများသည် ဘာသာစကား စွမ်းရည် အားနည်းကြသည်။

- "စကားများ ပေါင်းပြောတတ်သည့်" ဒွိဘာသာကလေးများသည် စွမ်းရည် မနိမ့်ကျပါ၊ ၄င်းတို့တွင် ရှိနေသည့် ဘာသာစွမ်းရည် အားလုံးကို ထုတ်သုံးနေခြင်းသာ ဖြစ်သည်။ ဘာသာစကား ဖွံ့ဖြိုးမှုသည် နှစ်ဘာသာလုံးနှင့်ဆိုင်သည့် စွမ်းအားပြည့် လုပ်ငန်းစဉ် တရပ်ပင် ဖြစ်ပေသည်။ ELL များတွင်ရှိသည့် အားအကြီးဆုံးသော အရင်းအမြစ်မှာ ၄င်းတို့၏ အိမ်သုံး/မူလဘာသာစကား ဖြစ်၍ ၄င်းတို့ အင်္ဂလိပ်စကား ရယူရာတွင် ထိုအရင်းအမြစ်ကို ထုတ်ယူသုံးစွဲနိုင်မှု ပိုမိုရှိတတ်ပေသည်။

ယုံတမ်း ၃။ အခြားဘာသာစကားတခု အမြဲပြောနေပါက ကျွန်ုပ်၏ ကလေးသည် အင်္ဂလိပ်စာတတ်မည် မဟုတ်ပေ။

- ဒုတိယဘာသာစကားကို ပျိုးထောင်ရာတွင် ပထမဘာသာစကားကို အသုံးပြုခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း သုတေသနအရ တွေ့ရှိရသည်။ ကျောင်းသား/သူများသည် နှစ်ဘာသာ တတ်မြောက်လာပြီး ၄င်းတို့လိုအပ်သည့် အထောက်အပံ့များကို ကျွမ်းကျင် ဆရာ/မများထံမှ ရရှိသည်နှင့်၊ ၄င်းတို့သည် ဒွိဘာသာအစီအစဉ်များတွင် ထူးချွန်လာသည်။

ယုံတမ်း ၄။ အင်္ဂလိပ်စာကိုသာ အသားပေးပါက ကျွန်ုပ်၏ကလေးမှ အင်္ဂလိပ်ဘာသာစကားကို မြန်မြန်တတ်လိမ့်မည်။

- ၄င်းတို့ အိမ်သုံး/မူလဘာသာစကားဖြင့် သင်ကြားခံရသော ကျောင်းသား/သူများသည် အင်္ဂလိပ်စာ ပိုမိုတတ်လွယ်ကြောင်း သုတေသနမှ ဖေါ်ပြသည်။ အိမ်သုံး/မူလဘာသာစကားမှ ရရှိသည့် အသိပညာသည်လည်း အခြားဘာသာစကားသို့ ကူးပြောင်းသွားလေသည်။ အမှန်ဆိုသော်၊ ပထမဘာသာစကားတွင် စာဖတ်ရှုနိုင်ခြင်းသည် အင်္ဂလိပ်ဘာသာစကားဖြင့် စာဖတ်နိုင်မှု အဆင့်ကို မြှင့်တင်ပေးသည်! (အမျိုးသား စာဖတ်ခြင်း တင်ဆက်မှု-ကလေးများအား စာဖတ်သင်ခြင်း၊ ၂၀၀၆ မှတ်တမ်း)

"ဒွိဘာသာစကားတတ်ခြင်းသည် လူများအား ပိုတော်စေသည်" *New York Times* သတင်းစာမှ ဖေါ်ပြသည့် အလျှောက် ဒွိဘာသာတတ်မြောက်ခြင်းတွင် အကျိုးများစွာ ရှိပေသည်။ (Why Bilinguals are Smarter, NYT, 2012)

စာမျက်နှာ ၂-၄တို့တွင် နယူးယောက်ပြည်နယ်မှ ELL များအတွက် ပေးအပ်သည့် အစီအစဉ် ပုံစံများ အကြောင်း အသေးစိတ် ရှာဖွေ တွေ့ရှိနိုင်သည်။

ကျွန်ုပ်တို့အနေနှင့် မိဘများ/အုပ်ထိန်းသူများ အနေဖြင့် ကျွန်ုပ်တို့ ကလေးများအား မည်သို့ ထောက်ပံ့နိုင်သနည်း?

- သင့်ကလေးအား ၄င်း၏ အိမ်သုံး/မူလဘာသာစကားဖြင့်၊ (သို့) အင်္ဂလိပ်ဘာသာဖြင့် စာဖတ်ပြပါ။ သင့်အိမ်သုံးဘာသာဖြင့် သင့်ကလေးအား စာဖတ်ပြခြင်းသည် ၄င်း၏ အင်္ဂလိပ်ဘာသာ စာပေစွမ်းရည်ကို မြှင့်ပေးကြောင်း သုတေသနမှ ဖော်ပြသည်။
- သင့်ကလေးအား သင်၏ အိမ်သုံး/မူလဘာသာစကားဖြင့် ပုံပြင်များ ပြောပြပါ။ သင့်ငယ်ဘဝအကြောင်း ပြောပြပါ (သို့) သင် မှတ်မိနေသည့် လွန်ခဲ့သောကာလက အကြောင်းအရာများကို ပြောပြပါ။
- သင်သည် သင့် အိမ်သုံး/မူလဘာသာစကားကို တန်ဖိုးထားကြောင်း သင့်ကလေးအား ပြသပါ။ ၄င်းမှ အင်္ဂလိပ်စကားဖြင့် ပြောဆိုသည်ဖြစ်စေ၊ သင့်မူလဘာသာစကားဖြင့် ပြောဆိုပါ။
- စာကြည့်တိုက်ကဒ်ပြားလုပ်ထားပြီး၊ သင့်ကလေးနှင့် အတူသွားကာ အင်္ဂလိပ်စာအုပ်များ၊ ရန်ကိုင်ပါက သင့်အိမ်သုံး/မူလ ဘာသာစကားဖြင့် စာအုပ်များကို ငှားရမ်းပါ။
- ကျောင်းမှ ချိန်းဆိုသည့် မိဘ-ဆရာ အစည်းအဝေးများကို မပျက်မကွက် တက်ရောက်ပါ။
- သင့်ကလေး၏ ဆရာ/မနှင့် တဦးချင်း တွေ့ရန် ချိန်းဆိုပြီးလျှင်၊ သင်ကလေး ထူးချွန်အောင်မြင်နိုင်ရေး ထောက်ပံ့ ကူညီပေးနိုင်သည့် နည်းလမ်းများကို လေ့လာပါ။
- သင့်ကလေးနှင့် အိမ်စာများ လုပ်ရန် နေ့စဉ် အချိန်တခုသတ်မှတ်ကာ၊ ဖြစ်နိုင်ပါက အနောက်အယှက်များကင်းသည့် ၄င်းအိမ်စာလုပ်နိုင်မည့် စိတ်ငြိမ်နေရာတခု ဖန်တီးပေးပါ။
- မိသားစု ခရီးစဉ်အဖြစ် ပြတိုက်များသို့ သွားလည်ပတ်ပါ။ သင့်ကလေးအတွက် သင့်လျှော်မည့် ပြခန်းများကို ပြတိုက်လမ်းညွှန်မှ ပြသပေးလိမ့်မည်။ ထို့အပြင်၊ ပြတိုက်များ၌ စရိတ်နည်း/အခမဲ့ အချိန်ပို ပညာပေး အတန်းများ ရှိတတ်သည်။
- အမေရိကန်ပြည်ထောင်စုတွင် မိဘများသည် ကလေးများ၏ ပညာရေးအတွက် အရေးပါသည့် ကဏ္ဍ၌ ပါဝင်သည်။ သင့်ကလေး၏ ဆရာ/မအား သင်မည်သို့မည်ပုံ ပါဝင်နိုင်ကြောင်း မေးမြန်းပါ။
- သင့် ရပိုင်ခွင့်များကို သိရှိနားလည်ပါ။ *နယ်ပယ်ယောက်ပြည်နယ် အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာသူများ၏ မိဘများအတွက် ရပိုင်ခွင့်များ စာလွှာ*ကို လေ့လာကြည့်ရှုပါ။

Colorín Colorado
အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများ၏ မိဘများ နှင့် ဆရာ/မများအတွက် အမေရိကန် ဆရာများ အစည်းအရုံး(AFT)နှင့် ပူးတွဲတက်ဆက်သည့် ဒွိဘာသာ အင်တာနက် စာမျက်နှာ။ အင်္ဂလိပ် ဘာသာစကား သင်ယူနေသူများအား သင်ကြားပို့ချမှုဆိုင်ရာ အချက်အလက်များ ပါရှိသည်။
http://www.colorincolorado.org/

Engage NY
EngageNY.org အား နယူးယောက်ပြည်နယ် ပညာရေး ဌာန(NYSED)မှ တည်ထောင် ထိန်းသိမ်းထားပြီးလျှင် နယူးယောက်ပြည်နယ် ပြည်လုံးကျွတ် စာမေးပွဲ ပြန်လည်ဖွဲ့စည်းရေး ဘုတ်အဖွဲ့၏ လုပ်ငန်းစဉ်မှ အရေးကြီး အချက်များကို ထောက်ပံ့ရန် ရည်ညွှန်းသည်။ EngageNY.org သည် နယူးယောက်ပြည်နယ် တဝှမ်းရှိ ဆရာ/မများအား လက်ငင်း သင်ကြားမှု ကိရိယာများ ပေးအပ်ရေး နှင့် ဆရာ/မများမှ ကျောင်းသားအားလုံး ကောလိပ်တက်ရန် သို့မဟုတ် အလုပ်ခွင်ဝင်ရန် ပြင်ဆင်ပေးနိုင်ရေး တို့ကို ရှေ့ရှုသည်။
https://www.engageny.org/

ဒွိဘာသာစကား ပညာရေး အတွက် အမျိုးသား Clearinghouse: *သင့်ကလေးမှ နစ်ဘာသာဖြင့် လေ့လာလျှင်* (လက်စွဲစာအုပ်)
http://ncela.us/files/uploads/9/IfYourChildLearnsInTwoLangs_English.pdf

အမျိုးသား PTA: ကျောင်းသား/သူ ထူးချွန်အောင်မြင်ရေးအတွက် မိဘများ လမ်းညွှန်
http://www.pta.org/parents/content.cfm?ItemNumber=2583

NYC DOE: ELL မိသားစု အရင်းအမြစ်
http://schools.nyc.gov/Academics/ELL/FamilyResources/Activities+For+Parents.htm
http://schools.nyc.gov/Academics/ELL/FamilyResources/default.htm

နယူးယောက်ပြည်နယ် ပညာရေးဌာန ဒွိဘာသာစကား ပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများရုံး
http://www.p12.nysed.gov/biling/

နယူးယောက် ရွှေ့ပြောင်းနေထိုင်သူများ အစည်းအရုံး ဝန်ဆောင်မှု လမ်းညွှန်ပေါင်းချုပ်
http://www.thenyic.org/sites/default/files/Low_Cost_Immigration_Service_Providers_Final_Draft_6.15.15_0.pdf

PBS ကလေးငယ်များ
http://pbskids.org/

Reading Rockets: အင်္ဂလိပ် ဘာသာစကား သင်ယူသူများ
http://www.readingrockets.org/reading-topics/english-language-learners

Teachers First: ESL/ELL ကျောင်းသားမိဘများအတွက် အကြံဉာဏ်များ နှင့် အရင်းအမြစ်များ
http://www.teachersfirst.com/par-esl.cfm

အင်္ဂလိပ် ဘာသာစကား သင်ယူသူများအား ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာတွဲများ သင်ကြားခြင်း - ဒေသခံ ဘာသာအရေးပြု ဝိဇ္ဇာတွဲများအတွက် သင်ကြားမှု စံနှုန်းများ
http://www.p12.nysed.gov/biling/resource/NLA.html

US ပညာရေးဌာန
http://www.ed.gov/

USDOE ပြည်ထောင်စု ကျောင်းသား/သူ ထောက်ပံ့ရေး ဝင်ပေါက်
https://studentaid.ed.gov/sa/resources/parents

USDOE ကျွန်ုပ်ကလေးအား အောင်မြင်အောင် ကူညီခြင်း - စပိန်မိသားစုများအတွက် လက်စွဲ (အင်္ဂလိပ် နှင့် စပိန်ဘာသာ)
http://www2.ed.gov/parents/academic/involve/2006toolkit/index.html

USDOE သင့်ကလေးအား ကူညီခြင်း စာစဉ် (အင်္ဂလိပ် နှင့် စပိန်ဘာသာ)
http://www2.ed.gov/parents/academic/help/hyc.html

သတင်းအချက်အလက် နှင့် ပြည့်စုံသည့် မိဘများသည်
ငှင်းတို့ ကလေးများအတွက် အကောင်းဆုံးသော အခွင့်အရေး တောင်းဆိုသူများ ဖြစ်သည်။
For questions and concerns about ELL ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း သိလိုပါက အောက်ပါသို့ ဆက်သွယ်ပါ -
nysparenthotline@nyu.edu
(၈၁၈) ၄၆၉-၈၂၂၄

မေးမြန်းလိုသည်များ ရှိပါက အောက်ပါသို့ သွားရောက်ပါ -
နယူးယောက်ပြည်နယ် ပညာရေးဌာန ဒွိဘာသာစကား ပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများရုံး (OBEWL)
http://www.p12.nysed.gov/biling/

Prepared by the New York State Education Department, Office of Bilingual Education & World Languages
in collaboration with CUNY-New York State Initiative on Emergent Bilinguals (NYSIEB).
Special thanks to Dr. Carmina Makar and Dr. Dina López.